
မင်းဆွေးသစ္စာ
တာမရီ

# နိဒါန်း

မြန်မာပြည်အနောက်မြောက်ပိုင်းတွင် ရှေးဘုရင်များ လက်ထက်တော်မှ စ၍ ' ပယင်းတွင်း ' ဒေသဟု လူသိများ သော ' ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင် ' တည်ရှိ၏။

ဟူးကောင်းသည် ရှမ်းဘာသာစကား ဖြစ်၏။ ' ဟူး ' သည် ဦးခေါင်း ' ကောင်း ' သည် စည်တော် ဦးခေါင်းပြုရာအရပ်ဟု ဒေသသမိုင်းနှင့် ဆက်နွယ်ခေါ်တွင် လာခြင်း ဖြစ်၏။

ချိုင့်ဝှမ်းလွင်ပြင်၏ အချို့နေရာများ ၌ ပေ (၅၀၀) မှ ပေ(၃၀၀) ကျော် တောင်တန်းများက နေရာယူကာ ပတ်လည်တွင် မူ ပေ (၅၀၀၀) မှ ပေ (၁၁၀၀၀) ကျော် တောင်တန်းကြီးများ ၊ ကျောက်တောင်မြင့်ကြီးများက ဝန်းရံထား၏။

ချင်းတွင်း၏ မြစ်ဖျားခံရာ ' တနိုင်းခ ' မြစ်သည် မြစ်ကြီးနားနှင့် မိုးကောင်းနယ်စပ်ရှိ ' ကူပွန် ' တောင်တန်းမှ ရေဝေခံကာ မြောက်သို့ စီးဆင်း၏။

ထိုမှ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်အတိုင်း အကွေ့အကောက်များ စွာနှင့် အနောက်မြောက်သို့ စီးဆင်းပြန်၏။

ဆက်လက်၍ တောင်သို့စုန်ကာ စီးဆင်းလေ၏။ ထို့အပြင် တနိုင်းခသည် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တွင် လက်ယှက်ထိုးဖြစ်ပေါ်နေသော

မြစ်ခွဲများ ၊ တောင်ကျချောင်းများ ၏ ဆက်သွယ်စီးဝင်ရာ အနောက်မြောက်သို့ စီးဆင်းပြန်၏။

ထိုဒေသ၏ မိုးရာသီက ခြောက်လမျှ တာရှည်၏။ မိုးနှောင်းမှ ဆောင်းဦးအထိ နှင်းမိုးများ တဖွဲဖွဲ ကျဆင်းနေတတ်၏။

ဆောင်းတွင် အရိုးကွဲမတက် အေးစိမ့်သလို နွေတွင် အပူရှိန်ပြင်းလှ၏။ ထို့အပြင် နေ့ဘက် ၌ ပြင်းပြသော အပူဒဏ်ကိုခံရပြီးနောက် ညတွင် ခိုက်ခိုက်တုန်မျှ ချမ်းအေးနေတတ်၏။

ဆိုးရွားး၍ အပူအအေးမညီမျှသော ရာသီဥတုသာလျှင် ဖြစ်၏။ ထိုဒေသ ၏ ဆိုးရွားသော ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဒေသခံတိုင်းရင်းသားမှားမှ အပ လူသူ အရောက်အပေါက်နည်းပါးလှ၏။

လူတစ်စုကမူ ခက်ခဲကြမ်းတမ်းသော ခရီးရှည်ကြီးကိုနှင်ကာ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်သို့ ရောက်ရှိလာကြ၏။

သူတို့ သည် ဝန်တင်လားများ ၊ ဒေသခံမှဆိုးလမ်းပြ၊ အထမ်းသမားများ နှင့် အတူ ရေစီးသန်လှသော တောင်ကျချောင်းတစ်ခု၏ နံဘေးတွင် စခန်းချလျက်ရှိ၏။

အချိန်ကား ဒုတိယကမ္ဘာစစ်မတိုင်မီ နှစ်များ စွာက ဖြစ်၏။ ထိုအချိန်က အိန္ဒိယနိုင်ငံ ‘ လီဒို ’ မြို့နှင့် ဆက်သွယ်ကာ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်မှ ဖြတ်၍ ဖောက်လုပ်သော နာမည်ကျော် လီဒိုလမ်းမကြီးပင် ဖောက်လုပ်ရခြင်း မရှိသေးချေ။

တောင်ကျချောင်းနံဘေးတွင် စခန်းချနေသောလူစုကို အသက်(၅၀) ကျော်ခန့် ဦးဘမြဲဟူသော လူကြီးက ဦးဆောင်လာ၏။

ဦးဘမြသည် ထိုဒေသ၏ ‘ နှင်းမိုး ’ ဒဏ်ကိုခံနိုင်ရန် ခေါင်းစွပ်ပါသော သားရေခံသားမွေးအင်္ကျီကို ဝတ်ဆင်ပြီး ရွက်ဖျင်တဲရှေ့ရှိ ကျောက်တုံးကြီးထက်တွင် ဆေးတံကိုဖွာ၍ ငြိမ်သက်နေ၏။

သူနှင့် မလှမ်းမကမ်းတွင် မူ အသက်(၃၀) ကျော်ခန့် အောင်ပွင့်ဆိုသော လူက တောလိုက်ခါးမြှောင်နှင့် သစ်ပင်ကို အကြောင်းမဲ့ထိုးဆွနေ၏။

ထို့နောက်မှ သူ၏ ကျဉ်းမြောင်းသောမျက်လုံးအစုံက ပို၍ ကျဉ်းမြောင်းသွားကာ သရော်လှောင်ပြောင်လိုဟန်နှင့် ဟက်ခနဲရယ်ပြီး

“ ဘယ်လိုလဲ ဦးဘမြ။ ခင်ဗျားရဲ့ မှတ်ဉာဏ်က အလွန်တိကျတဲ့ မြေပုံတစ်ချပ်လိုပဲ၊ အမှားအယွင်းမရှိနိုင်ဘူးဆိုမှ ၊ အခုတော့ လိုက်လေဝေးလေ ဖြစ်နေပြီထင်တယ် ”

ဟု ပြောလိုက်၏။ ဦးဘမြဟူသော လူကြီးက ကျောက်တုံးထက်မှ ဖုတ်ခနဲ ခုန်ချကာ

“ မင်းရဲ့ လေသံက တို့ ရဲ့ ခရီးကို စိတ်ပျက်အားလျှော့နေပုံပဲ ”

ဟု ရေရွတ်ပြီး အောင်ပွင့်ထံလှမ်းလာ၏။ ထို့နောက် အောင်ပွင့်နှင့် မျက်နှာချင်းဆိုင်ရပ်တန့်ပြီး

“ ငါတို့ ရဲ့ ပန်းတိုင်ကိုရောက်ဖို့ အသက်ကိုတောင် စွန့်လွှတ်ရမယ်လို့ ခရီးမစခင်ကတည်းက အားလုံး သဘောပေါက်ခဲ့ကြတာပဲကွာ၊ ဒီလို စွန့်စားသွားလာခဲ့ကြတဲ့ အတွက် ထိုက်တန်တဲ့ အကျိုးကျေးဇူးကို ခံစားရမှာ မလွဲပါဘူး၊ အဓိကကတော့ ကိုယ့်အချင်းချင်း ယုံကြည်မှုအပြည့်ရှိဖို့ ပါပဲ၊ မကြာခင်မှာ မင်းမျှော်လင့်နေတဲ့ ‘ ရွှေသိုက် ’ ကိုခြေချနိုင်စေရမယ်လို့ ငါအာမခံပါတယ် ”

ဟု ပြောကာ ထိုနေရာမှ လှည့်၍ ရွက်ဖျင်တဲကြီးအတွင်း ဝင်ရောက်သွားတော့၏။

အောင်ပွင့်က ဦးဘမြ၏ ကျောပြင်ကို တွေတွေကြီး စိုက်ကြည့်နေစဉ မလှမ်းမကမ်းမှ ကျွဲပေါက်ကြီးတစ်ကောင်လို သန်မာဟန်ရှိသော မုတ်ဆိတ်ကျင်စွယ်နှင့် လူထွားကြီးက

"ကိုအောင်ပွင့် ကျုပ်တို့ ရဲ့ အထမ်းသမားတွေက ခရီးဆက်ဖို့ သိပ် စိတ်မပါတော့ဘူးဗျ ၊ သူတို့ က ဦးဘမြပြောသလို အသက်စွန့်ဖို့ ရည်ရွယ်ချက်မရှိ တာတော့ အမှန်ပဲ "

ဟု ပြောလေ၏။

အောင်ပွင့်က ရွက်ဖျင်တဲအနီးရှိ ယာယီဆောက်လုပ်ထားသော ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်နေကြသော အထမ်းသမားသုံးယောက်ထံ ကြည့်ရှုပြီး ပခုံးတွန့်ကာ

"ဘာမှ မတက်နိုင်ဘူး၊ သူတို့ ကို ငွေကြေးအလုံအလောက်ပေးပြီး ငှားရမ်းလာခဲ့တာပဲ ၊ သူတို့ ကိုယ်တိုင် ကျေကျေနပ်နပ်လိုက်လာခဲ့တဲ့ ခရီးမှာ စည်းကမ်းကို ဖောက်ဖျက်ပြီး ငြင်းဆန်မယ်ဆိုရင် တော့ ငါ့လက်ချက်နဲ့ တမလွန်ကို မြန်မြန်ရောက်သွားလိမ့်မယ်ဆိုတာ သတိပေးထားစမ်းကွာ "

ဟု ပြောလိုက်၏။

အထမ်းသမားသုံးယောက် မှာ မျက်နှာငယ်ကလေးနှင့် ရှိနေ၏။ သူတို့ သည် ခရီးကြမ်းကိုနှင်ခဲ့ သည် မှာ တစ်လကျော်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်၏။

ထိုအတောအတွင်းသူတို့ အတွက် တောနက်ထဲတွင်

ဆင်ရိုင်းအုပ်များ အကြားမှ အသက်လုပြေးလွှာခဲ့ကြဖူး၏။

အ ထ မ်းသ မ ၁းတ စ ်ယေ ၁က ်မ ၂ ၁ ချောက်ကမ်းပါးတွင်းသို့ ခြေချော်ကျပြီး ရေစီးသန်လှသော တောင်ကျချောင်းတွင် သစ်လုံးဖောင်နှင့် သွားလာစဉ် ရေထဲကျကာ ကြိုးတစ်ချောင်းကို ဆွဲလိုက်မိ၍ သာ မသေဆုံးခြင်း ဖြစ်၏။

သူတို့ သည် ရိုးအသော တိုင်းရင်းသားများ ပီပီ ခက်ခဲကြမ်းတမ်းသော ခရီးအတွက် ဆိုင်ရာအစောင့်အရှောက်နတ်များကို ကူညီစောင့်ရှောက်ပါရန် မကြာခဏတိုင်တည်နေတတ်ကြ၏။

ထိုအထဲတွင် 'လဘန်လ' က အထမ်းသမားခေါင်းဆောင် ဖြစ်သလို ဤခရီးစဉ်တွင် သူပိုင်ဆိုင်သည့် လားသုံးကောင်ကိုပါ ခေါ်ဆောင်လာခဲ့၏။

လားတစ်ကောင်မှာ မူ လ မ်းခ ရီးတွ င် အနာရောဂါဖြစ်၍ သေဆုံးသွားခဲ့ပေပြီ ။ ထိုလားများ အတွက် 'လဘန်လ' ထံမှ အောင်ပွင့်က လားတန်ဖိုးထက် ပိုမို၍ အခကြေးငွေပေးကာ ဝယ်ယူခဲ့ပြီး ဖြစ်၏။

လဘန်လသည် မက်လောက်စရာငွေကြေးများကြောင့် မိသားစုကို ထားရစ်ကာ ခရီးထွက်လာရသော်လည်း စိတ်တွင်း ၌ တထင့်ထင့်ဖြစ်လျက်ရှိ၏။

အောင်ပွင့်ကိုမူ အလိုလိုနေရင်း ထိတ်လန့်နေ၏။ သူ့အတွက်အောင်ပွင့်သည် မကောင်းဆိုးဝါး နွားတစ်ကောင်လို တဖြည်းဖြည်း ထင်မှတ်လာမိ၏။

အောင်ပွင့်သည် အထမ်းသမားများကို မကြာခဏ ခြိမ်းခြောက်ရင်း မညှာမတာ ခိုင်းစေတတ်၏။

သူတို့ ၏ ဓလေ့ထုံးစံအရ ယုံကြည်သက်ဝင် ကိုးကွယ်သော နတ်များကိုလည်း သရော်လှောင်ပြောင် တတ်၏။ ထို့ကြောင့် ပင် အောင်ပွင့်ထံ ကံကြမ္မာဆိုးက မလွဲမသွေ ကျရောက်ပေတော့မည်ဟု ‘လဘန်လ’ ကစွဲမြဲယုံကြည်နေမိ၏။

ထိုအခိုက် အရှေ့ဘက်တောနက်ဆီမှာ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။

အောင်ပွင့်က နားစွင့်လိုက်ပြီး လူထွားကြီးကို

“ မဂမ်ယူတို့ တော့ အမဲရပြီထင်တယ် ဘကျော် ” ဟု ပြောလိုက်၏။ ဘကျော်က မျက်မှောင်ကြုတ်၍ ခေါင်းယမ်းပြီး

“မဖြစ်နိုင်ဘူး ကိုအောင်ပွင့် ၊ သေနတ်သံက ကောင်းကင်ကို ထောင်ပြီး ပစ်ခတ်လိုက်တဲ့ အသံဗျ ၊ သူတို့ ကမျောက်တွေ၊ ငှက်တွေ သွားပစ်တာမှ မဟုတ်တာ ၊ ဟဲဟဲ … ချေတွေ ၊ ဆတ်တွေက မိုးပေါ်ပျံနေရင်တော့ မပြောတတ်ဘူး ”

ဟု ဆိုလေရာ အောင်ပွင့်က စိတ်ဝင်တစားဖြင့် မျက်လုံးတောက်ပလာပြီး

“မင်းပြောပုံက သူတို့ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့နေတာကို ဆိုလိုချင်တာလား ”

ဟု မေးမြန်း လိုက်လေ၏။

လူထွားကြီးဖြစ်သူ ဘကျော်က အခိုင်အမာသိရှိနေဟန်ဖြင့် ခေါင်းညိတ်ပြီး

“ဒီလို ခရီးရှည်ကြီးသွားနေရတဲ့ အခြေအနေမှာ ဘယ်သူက ကျည်ဖြုန်းပြီး မိုးပေါ်ထောင်ဖောက်နေမှာ လဲဗျ ၊ ပြီးတော့ ကျုပ်တို့ အဖွဲ့မှာ အမဲ

ပစ်ရင် ကျည်သုံးထောင့်ထက် ပိုမသုံးရဘူးလို့ ဦးဘမြဲက စည်းကမ်းထုတ်တယ်မဟုတ်လား ၊ မဂမ်ယူက ဒူးလေးပဲ သုံးတယ်ဆိုတော့ သေနတ်ကိုင်တဲ့ ဦးဘမြဲ ရဲ့ သား 'တူးခေါင်' ဆိုတဲ့ ကောင်လေး အန္တရာယ်နဲ့ တွေ့နေနိုင်တယ် "

ဟု ပြောလိုက်၏။ အောင်ပွင့်က မျက်နှာကြီး ဝင်းထိန်ပြီး လေသံတီးတိုးနှင့် ဘကျော်ကို

"အဲဒီမှာ အန္တရာယ် နဲ့ တွေ့ပြီး တစ်ခါတည်း ကိစ္စချောသွားတော့လည်း ကောင်းတာပေါ့ကွာ "

ဟု ပြောလိုက်၏။

ထိုအခိုက်တွင် ပင် သူတို့ သည် အရှေ့ဘက် တောနက်ဆီမှ သေနတ်သံတစ်ချက် ထပ်မံပေါ်ထွက်လာသည် ကို ကြားလိုက်ရတော့၏။

*